# သစ်ပင်များ

ဘာသာပြန်သူ–တိုက်စံ

ကျွန်တော်တို့သည် တနယ်တကျေး၊ အရပ်တပါး၌ ရောက်ရှိနေကြလေသည်။

'တနယ်တကျေး၊ အရပ်တပါး' ဟူ၍ ကျွန်တော် သုံးလိုက်မိပါသည်။ သို့ရာတွင် ဤနေရာသည် ကျွန်တော်ကျွမ်းသည့်နေရာ၊ ကလေးဘဝက ကျွန်တော်နေသားကျခဲ့သော နေရာနှင့် အတော်ကလေး တူသနေပါသည်။ "ကိုယ်အိုး ကိုယ့်အိမ်ကိုပြန် ရောက်နေရသလိုပါ ပဲလား" ဟူသော အတွေးက ကျွန်တော့်ကို တကယ်ပဲ စိတ်ပျက်လက်ပျက် ဖြစ်သွားစေပြန်ပါသည်။ ဘယ်ဘက်တွင် ဟောင်းအိုသော ဘုရားကျောင်းဆောင် တခု ရှိနေပါသည်။ ဘုရား ကျောင်းဆောင်ခန်းမ၏ ထောင့်ကြို ထောင့်ကြားထဲမှ ရယ်သံတွေ လိုလို ကြားလိုက်ရသည်။ ဂရုတစိုက် နားစွင့်ရန်အတွက် ကျွန်တော်သည် ခြေလှမ်းတွေကို ဖွဖွလေးလှမ်းလိုက်ပါသည်။ ကျွန်တော် နားစိုက် မထောင်စဉ်က ယင်းအသံများကို ကြားရပါသည်။ သို့ရာတွင် တိတ်တဆိတ် ငြိမ်ပြီးနားထောင်လိုက်သောအခါ အမိုးတံစက်မြိတ်ကို လေတိုးသဖြင့် တံစက်မြိတ်ထောင့်စွန်းတွင် အလှတန်ဆာအဖြစ် ချိတ်ဆွဲထားသော သတ္တုဆည်းလည်းပြားလေးများ လှုပ်ခါနေသံမှတပါး တခြား ဘာသံမျှ မကြားရပါ။ မြောက်ဘက်ဆီတွင် ကုန်းကမူ တခုပေါ်ရှိ တလင်း မြေပြန့်၌ တည်ဆောက်ထားသော ဟောင်းအို နေသည့် အဆောက်အအုံ တခုရှိပါသည်။ ဌာပနာတိုက် တခုဖြစ်မည်ဟု ကျွန်တော် ထင်မှတ်လိုက်မိပါသည်။ သို့ရာတွင် မဟုတ်ပါ။ ၎င်းမှာ ကျွန်တော်တို့နေထိုင်ရန် ရွေးချယ်ထားသော အဆောက်အအုံ ဖြစ်နေပါသည်။ အကြောင်း ကြောင်းတို့ကြောင့် ထိုအဆောက်အအုံကို ကျွန်တော်စွဲလန်းနှစ်သက်သွားမိပါသည်။ အဆောက်အအုံကို ပြည့်စုံစွာ မွမ်းမံပြင်ဆင်ထားသည့် အတွက်ကြောင့် မဟုတ်ပါ။ အဆောက်အအုံ၏ ဘေးနှစ်ဘက်တွင် ကွင်းပြင်ကျယ်များ ရှိနေသော ကြောင့်သာ ဖြစ်ပါသည်။ အကြိုက်ဆုံးမှာ တောင်ဘက်ဆီ စီးပြေးသွားသော စမ်းချောင်းလေး တခု ရှိနေခြင်း ဖြစ်ပါသည်။ စမ်းချောင်းရေမှာ ကြည်လင်လွန်းလှသည်။ အစိမ်းရောင် ရေညှိမှော်ပင်တွေနှင့် ငါးကလေးများကို ရေတွက်ကြည့်၍ပင် ရပါသည်။ "ရေစီးနေတဲ့ ချောင်းကလေး မြောင်းကလေးတွေ ရှိတဲ့နေရာဆိုရင် ဘယ်နေရာမဆို ကောင်းတယ်" ဟူ၍ ကျွန်တော်တွေးလိုက်မိပါသည်။ သို့သော် ထိုမျှနှင့်တော့ မပြည့်စုံသေးပါ။ သစ်ပင်များကို ကျွန်တော်ချစ်ပါသည်။ သို့ရာတွင် ကျွန်တော်တို့ ၎ားရမ်းနေထိုင်မည့် အိုးအိမ် သစ်၏ ပတ်ဝန်းကျင်၌ သစ်ပင်ဆို၍ တပင်တလေမျှပင် ရှိမနေပါ။

အမြဲစိမ်းအပင်ဖြစ်စေ၊ ရွက်ကြွေပင်ဖြစ်စေ သစ်ပင်မှန်သမျှ ကျွန်တော် ချစ်သည်။ စိတ်ကူးဖြင့် သစ်ပင်များ စိုက်ပြီးကြည်နူးနေတတ်သူ ဖြစ်ပါသည်။ သစ်ပင်များ၏ မွန်းတည့်ချိန်အရိပ်သည် ထီးတလက်နှယ် ဝန်းဝိုင်းနေတတ်ပါသည်။ ခရီးသည်များ သစ်ပင်ရိပ်တွင် ချွေးသိပ်နားခိုကြသည့်နှယ် ကျွန်တော်သည်လည်း သစ်ပင်စိုက်ပျိုးခြင်းတွင် ချွေးသိပ်နားခိုရန် နှစ်သက်ပါသည်။ အဖိုးဖြစ်သူ တို့သည် မြေးတို့အတွက် သီးနှံများ သီးပွင့်ပေးမည့် သစ်ပင်များ စိုက်ပျိုး ပေးခဲ့လေ့ရှိပါသည်။ ကျွန်တော်သည် သစ်ပင်များ စိုက်ပျိုးပေးတတ်သူ အဖိုးတယောက်လဲ ဖြစ်ချင်သည်။ ထိုသစ်သီးများကို စားသုံးရသူ မြေးတဦးလဲ ဖြစ်ချင်ပါသည်။ "ဖျောက်ဆိပ်နှင့် မိုးမခတို့က အိမ်တံစက်မြိတ်အထိ အရိပ်အာဝါသပေးသော၊ အိမ်ခန်းမကြီးရှေ့တွင် မက်မွန်နှင့် မက်မန်းပင်များပေါက် သော" ယင်းကဲ့သို့သော နေရာသည် ကျွန်တော် အကြိုက် ဆုံးနေရာမျိုး ဖြစ်၏။ သို့သော် ယခုအိမ်ကြီး၏ အနီးတဝိုက်တွင်မူ မည်သည့်နေရာတွင်မျှ စိမ်းစိမ်း စိုစိုအပင်ဆို၍ အပင်ငယ်ကလေး တပင် တလေတောင် မှ ရှိမနေ။

ကျွန်တော် သစ်ပင်စိုက်ချင်နေမိသည်။ ထိုမျှမက အဝေးဆီမှ ပျံသန်းလာသော ငှက်ကလေး တကောင်သည် တနယ်တကျေးမှ မျိုးကောင်းမျိုးသန့် သစ်ပင်တချို့၏မျိုးစေ့များကို ကိုက်ချီသယ်ဆောင်ကာ ကျွန်တော်တို့အိမ်ပေါ်မှ ဖြတ်ကျော်ပျံသန်းရင်း မျိုးစေ့များ ချထားစေခဲ့ဖို့ ကျွန်တော်ဆုတောင်း မျှော်လင့်နေမိသေးသည်။ လေတိုက်လျှင် မျိုးစေ့ကို မြေဆီလွှာ ဖုံးလွှမ်းပေးပေလိမ့်မည်။ မိုးရေနှင့် နှင်းစက်တို့ကြောင့် ရေကိုလည်း ရရှိကြလိမ့်မည်။ ဤသို့ဖြင့် မျိုးစေ့ကလေးသည် ရှင်သန်ကြီးပျင်းကာ ဖွံ့ဖြိုးဝေဆာလာလျက် ကျွန်တော်ပတ် ဝန်းကျင်မှ မြေ အားလုံးကို အရိပ်အာဝါသ ပေးပေလိမ့်မည်။ နောက်ပြီး ပြောဖို့ ထူးဆန်းနေတာတခု ရှိသည်။ အံ့သြဖို့လဲ ကောင်းသည်။

ဘုရားသခင်က မိန့်ကြားတော်မူခဲ့သည်။ "အလင်းရောင်ရှိစေလိုသောအရပ်၌ အလင်းရောင် ရရှိပေလိမ့်မည်"တဲ့။ ဘုရားသခင်၏ ဗျာဒိတ်အတိုင်းပင် ဖြစ်ပျက်လာခဲ့ကြလေသည်။




ကျွန်တော်က ပြောသည်။ "သစ်ပင်များရှိစေလိုသော အရပ်၌ သစ်ပင်များ ရှိလာပေလိမ့်မည်"သူတို့ ဘယ်နည်းဘယ်ပုံ အပင် ပေါက်လာခဲ့ကြသလဲဆိုသည်ကို ကျွန်တော် မတွေးမိခဲ့ပါ။ သို့ရာတွင် ကျွန်တော့် အိမ်ဟောင်းမြေ၏ ပတ်ဝန်းကျင်၌ ဟိုနေရာတကွက် ဒီနေရာတကွက် တောအုပ်ကလေးတွေ ဖြစ်လာခဲ့ကြသည်။

ကျွန်တော်တို့ ဘယ်လို စကားမှ မပြောခဲ့ကြပါ။ အံ့သြမှုကိုသော်လည်းကောင်း၊ ဝမ်းမြောက် ရွှင်လန်းမှုကိုသော်လည်းကောင်း မပြသခဲ့ကြပါ။ သစ်ပင်များ ကြီးပျင်းလာကြသည်ကို အေးချမ်း ငြိမ်သက်သော အပြုံးများနှင့် စောင့်ကြည့် ရုံသာ ကြည့်ခဲ့ကြပါသည်။

သူတို့သည် ဆက်လက်ကြီးထွားလာနေကြပါသည်။ သူတို့၏ ရွက်လိပ်ဖြေသံကိုပင် ကြားယောင်မိသလို ထင်မှတ်မိပါသည်။ ဤသစ်ပင်များ၏ အမည်နာမကို မသိသလို ဘယ်လိုပန်း ဘယ်လိုအပွင့် ပွင့်လာလိမ့်မည်ဆိုသည်ကိုလည်း မသိပါ။ သို့ရာတွင် သစ်ပင်တို့၏ပင်စည်များ သိပ်မမြင့် မားလှသည်ကိုကား သတိထားမိပါသည်။ ပြတင်းပေါက်၏ အမိုးစွန်း လောက်အထိသာ မြင့်ပါသည်။ ချိပ်ပင်နှင့် ခပ်ဆင်ဆင်ပါပဲ။ ၎င်း၏ လိပ်ပြာပုံသဏ္ဍာန် သစ်ရွက်တို့သည် ဆောင်းဦးရာသီ၏ အနှောင်းပိုင်းရောက်ပြီဆိုလျှင် ဆီးနှင်းခဲများထဲတွင် အနီရောင်သို့ ပြောင်းလဲသွား ကြပေတော့မည်။ သို့ရာတွင် ယခု အချိန်၌မူကား လန်းဆန်းမြဲ လန်းဆန်းနေဆဲပါ။ စိမ်းနုနု အရောင်ရှိ ပါသည်။ အမွှေးနုးကလေးတွေလည်း ခပ်ပါးပါး ရှိနေ ကြပါသည်။ ညည်အပင်များကို သည်အရွယ်မှာပဲ ဆက်မကြီး တော့ဘဲ ရပ် လိုက်စေချင်ပါသည်။ ဒါမှသာလျှင် သစ်ပင်တို့၏ အကိုင်း အခက်များပေါ်တွင် နွေဦး ပေါက်ရာသီသည် အမြဲတစေ ဆက်လက်တည်ရှိ နေမည် ဖြစ်ပါသည်။

အံ့သြချီးမွမ်းကြောင်းနှင့် ကျေးဇူးတင်ကြောင်း ပြောကြားဖို့ ကျွန်တော်ဟန်ပြင် နေဆဲမှာပင် အရာအားလုံးတို့သည် နှင်းမြူအိပ်မက်ထဲသို့ တိုးဝင် ပျောက်ကွယ် သွားကြပါသည်။ ။

ရော၊ မြစ်ဝါ၊ ဂငီ စာအုပ်မှ ပြန်လည်ဖော်ပြပါသည်။